# လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ

ရက်စွဲ။ ။၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၁ရက်။

ပြည်ထောင်စုအတွင်း နှစ်ပေါင်း(၇၀)ကျော်ကြာ ပဋိပက္ခများ၊ ပြည်တွင်းစစ်များသည် နိုင်ငံရေးပြဿနာ အခြေခံဖြစ်ပြီး စစ်အာဏာသိမ်းမှုနှင့် အာဏာရှင်များ၏ အကျိုးဆက်ဆိုးကျိုးများကို တိုင်းရင်းသားပြည်သူများ ယနေ့တိုင်ကြုံတွေ့ခံစားနေရသည်မှာ မျက်မြင် ကိုယ်တွေ့ဖြစ်သည်။

စစ်တပ်ဦးဆောင်သော အမည်ခံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လမ်းစဉ်သည် စစ်တပ်ကိုယ်တိုင် အာဏာသိမ်းခြင်းဖြင့် ကျဆုံးသွားခဲ့ပြီဖြစ်သည်။ စစ်အာဏာသိမ်းဖြစ်စဉ်၏ အဆိုးဆုံးရလာဒ်များကို တိုက်ရိုက် ခံစားရသည်မှာ ကျွန်ုပ်တို့ ပြည်သူများပင်ဖြစ်ပြီး ဤအကျပ်အတည်းကို တွန်းလှန်ကျော်လွှားရမည့် သူများမှာလည်း ကျွန်ုပ်တို့ကိုယ်တိုင်ဖြစ်ပါသည်။ စစ်တပ်ပြုသမျှ နုကြရမည်ဟူသော နိုင်ငံရေးအတွေးအခေါ် နှင့် စစ်တပ်တောင်းဆို သမျှ တဖက်သတ် အလျှော့ပေးနေရသည့် စေ့စပ်ညှိနှိုင်းရေးလမ်းစဉ်တို့ကို အလုံးစုံစွန့်ပယ်ပြီး တော်လှန်သော နိုင်ငံရေးဦးဆောင်မှုသစ်တစ်ရပ်ကို စုပေါင်းခေါင်းဆောင်မှုဖြင့် သွားကြရမည်ဖြစ်သည်။

တိုင်းရင်းသားလူငယ်များ စုပေါင်းဆွေးနွေးဆုံးဖြတ်ချက်များအရ ကျွန်ုပ်တို့အားလုံး ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အာဏာရှင်စနစ် ဖျက်သိမ်းရေး

၂။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး

၃။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်ရေး

၄။ မတရားဖမ်းဆီးခံရသူများ လွတ်မြောက်ရေး

အဆိုပါ လုပ်ငန်းစဉ်များအောင်မြင်နိုင်ရန်အတွက် ပြည်ထောင်စုတဝှမ်းရှိ လူမျိုးပေါင်းစုံ၊ လူထုလူတန်းစား ပေါင်းစုံ စုစည်းပြီး စစ်အာဏာရှင်ဆန့်ကျင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် **လူမျိုးပေါင်းစုံ အထွေထွေသပိတ် ကော်မတီ** ကို အောက်ပါလူမျိုးများဖြင့်ဖွဲ့စည်းလိုက်သည်။

**လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ**

Email; gscn2021@gmail.com

## ပါဝင်သော လူမျိုးများ

1. ကယား
2. ကချင်
3. ကရင်
4. ကတူး (Kadu)
5. ကပြား
6. ချင်း
7. ခမီ
8. ဇိုမီး
9. တအာင်း
10. တောင်ရိုး
11. ထားဝယ်
12. ဒိုင်းနက် (Chakma)
13. ဓနု
14. နာဂ
15. ပအိုဝ်
16. ဗမာ
17. မွန်
18. မြို
19. မြို (ခမီ)
20. မရမာကြီး
21. မနူးမနော
22. ရခိုင် (Arakan)
23. ရှမ်း (Tai)
24. လီဆူ
25. “ဝ”
26. သက်
27. အင်းသား
28. ကမန်
29. မြန်မာမွတ်ဆလင်

မှတ်ချက်။ ။ အထက်ဖော်ပြပါလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် မည်သည့်လူမျိုးမဆို လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ သို့ ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

Email; gscn2021@gmail.com